SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၏ထုတ်ပြန် ကြေညာချက်

### မိုင်းဆတ်မြို့တောင်ဘက် နမ့်ခုတ်မြစ်အပေါ်ဘက် ၃၀ ကီလိုမီတာအကွာရှိ ၂၄ နာရီတူးဖော်လျက်ရှိသော ရွှေတူးဖော်မှုများကို ဒေသခံထိုင်းပြည်သူ ၇၀၀ခန့် စုစည်းကာ ကန့်ကွက်ဆန္ဒထုတ်ဖော်

၁၄ ရက် မတ်လ ၂၀၂၅

ယနေ့ အပြည်ပြည်ဆိုင်ရာမြစ်ချောင်းများနေ့ အထိမ်းအမှတ်အဖြစ် နမ့်ခုတ်မြစ်ကို ကာကွယ်ရန် တာတွန်းကျေးရွာ မယ်အိုင်ခရိုင် ချင်းမိုင်တွင် ဒေသခံပြည်သူ ၇၀၀ ကျော်ခန့်သည် မြို့နယ်စာသင်ကျောင်း၌ စုဝေးကာ နမ့်ခုတ်မြစ်သို့ ချီတက်လမ်းလျှောက်ခဲ့ကြသည်။

ဒေသခံပြည်သူများသည် ရှမ်းပြည်အရှေ့ပိုင်း နမ့်ခုတ်မြစ်တစ်လျှောက်ရှိ သတ္တုတူးဖော်မှုနှင့် သစ်တော ခုတ်ထွင်းမှုများကြောင့်ဖြစ်ပေါ်လာသော ယမန်နှစ်က မကြုံစဖူး ရေလွှမ်းမိုးမှုကြောင့် ထိခိုက်မှု များကဲ့သို့ နယ်စပ်ဖြတ်ကျော်အကျိုးသက်ရောက်မှုများကို ကန့်ကွက်သည့် ဆိုင်းဘုတ်များကို ကိုင်ကာဆန္ဒ ကျင်းခဲ့ကြသည်။

ဒေသခံဦးဆောင်သူများမှ ဖတ်ကြားသော ထုတ်ပြန်ကြေညာချက်တွင် "မိုးခေါင်မှု၊ ရေကြီးမှု၊ တောမီး လောင်မှု၊ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ဟာ လူတိုင်းရဲ့ဘဝနဲ့နေထိုင်မှုကို သိသိ သာသာ သက်ရောက်မှုရှိပါတယ်၊ ဒီကပ်ဘေးတွေဟာ လူတွေက လုပ်ယူတာဖြစ်ပြီးတော့ နမ့်ခုတ်နဲ့တခြား မြစ်တွေကို ဖျက်ဆီးနေတဲ့ သစ်တောခုတ်ထွင်းတာ၊ ရည်ရွယ်ချက်နဲ့တောမီးရှို့တာ၊ သတ္တုတူးတာနဲ့ ဆည်ကြီးတွေကို ဆောက်တာတွေကြောင့်ဘဲဖြစ်တယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံအပါအဝင် မိမိတို့လူမှု အသိုင်းအဝိုင်း တစ်ခုလုံးကို ဤသက်ရောက်မှုများအပေါ်အသိပညာရှိစေရန်နှင့် ကျွန်ုပ်တို့၏ ကျန်းမာရေး၊ အသက်မွေးဝမ်းကြောင်းနှင့် အနာဂတ်ကို ထိခိုက်စေနိုင်သည့် သဘာဝသယံဇာတဖျက်စီးမှုများကို ရပ်တန့် နိုင်ရေးအတွက် သတိပေးလိုပါသည်။

ပွဲဦးဆောင်စီစဉ်သူများက ယခုလှုပ်ရှားမှုသည် ပြည်သူလူထုများအကြား သဘာဝကပ်ဘေးများကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို အသိပညာပေးရန်၊ ထိုပြဿနာများကို ဖြစ်ပေါ်စေသည့် အကြောင်းအရာ များကို အဓိကဦးတည်ရန်နှင့် ယခုဖြစ်စဉ်များကိုတာဝန်ရှိသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို

ဖျက်စီးခြင်းသည် မိမိတို့ကိုသာမက အနီးအနားနိုင်ငံများရှိ လူများကိုပါ ထိခိုက်စေနိုင်သည်ဆိုသည်ကို သိရှိစေရန်" ရည်ရွယ်သည်ဟု ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်မှစတင်ကာ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) တပ်ဖွဲ့ထိန်းချုပ် ထားသော မိုင်းဆတ်မြို့တောင်ပိုင်းနှင့် မိုင်းယွန်းမြို့တို့ရှိ နမ့်ခုတ်မြစ်ကမ်းတစ်လျှောက်တွင် အကြီးစား ရွှေတူးဖော်မှုများကို ပြုလုပ်လာခဲ့သည်။

အဆိုပါ ရွှေတူးဖော်မှု၏ စွန့်ပစ်ပစ္စည်းများ၏သက်ရောက်မှုကြောင့်၂၀၂၄ စက်တင်ဘာလ၌ နမ့်ခုတ်မြစ်ပေါ် တွင် ကြီးမားရေလွှမ်းမိုးမှု ကို ဖြစ်ပေါ်စေခဲ့သည်။ မိုင်းယွန်းအုပ်စုအတွင်းရှိ ပိန်းခမ်းရှမ်းရွာသည် ရွံ့မြေနှင့် ရေဆိုးများဖြင့်နှစ်မြုပ်သွားသည်။ ထိုင်းဘက်ကမ်းနယ်စပ် တာတွန်းနှင့် ချင်းမိုင်ခရိုင် မြောက်ဘက် နမ့်ခုတ်မြစ်တစ်လျှောက်ရှိ ကျေးရွာများသည် လည်း ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ရသည်။

မိုင်းယွန်းရှိ နမ့်ခုတ်မြစ်ပေါ်မှ ရွှေတူးဖော်မှုများသည် လွန်ခဲ့သောလများတွင် ပိုမိုတိုးချဲ့လာခဲ့ပြီး ဒေသခံ များ၏ အဆိုအရ ၎င်းတို့သည် ၂၄ နာရီပတ်လုံးတူးဖော်လည်ပတ်နေသည်ဟုသိရသည်။

တရုတ်ကုမ္ပဏီ ၄ခုသည် တရုတ်အလုပ်သမား အများစုပါဝင်သော အလုပ်သမား ၃၀၀ ခန့်ဖြင့် သတ္တုတူးဖော်နေကြသည်။ ၎င်းတို့သည် မြစ်ကမ်းဘေးတစ်လျှောက်ရှိ တောင်ကုန်းများပေါ်တွင် တူးဖော်နေ ကြပြီး မြစ်အတွင်းတွင်လည်း ရွှေဖောင်များဖြင့် တူးဖော်နေကြသည်။




No Dam
No Mining
สิทธิแม่น้ำ
สิทธิชุมชน




**2024 စက်တင်ဘာလတွင် နမ့်ခုတ်မြစ်ရေကြီးမှုကိုပြသသည့်ပိုစတာကိုကိုင်ထားသည့် ဒေသခံပြည်သူ**



## မိုင်းယွန်းဒေသ နမ့်ခုတ်မြစ်ပေါ်ရှိ ရွှေတွင်းများ၏ နှစ်အလိုက် Google earth ပုံများ



**ဆက်သွယ်ရန်**

| | | |
|---|---|---|
| စိုင်းဟော်ရှဲန် | 66 94 728 6696 | Signal (ရှမ်း, အင်္ဂလိပ်) |
| ယိင်းလျန်းဟန် | 1 825 425 4099 | Signal (မြန်မာ) |
| ယိင်းဟွမ် | 082-893-2552 | (ထိုင်း) |